
ကိုမင်းကိုနိုင် (၄၇)နှစ်ပြည့် မွေးနေ့အမှတ်တရစာလွှာ
အောက်တိုဘာလ (၁၈) ရက်နေ့ ၊ ၂၀၀၉ ခုနှစ်။
အကျဉ်းထောင်ထဲမှာမွေးနေ့ကိုဖြတ်သန်းနေတဲ့
ကျောင်းသားခေါင်းဆောင်
ကိုမင်းကိုနိုင်
၏
(၄၇) နှစ်ပြည့်မွေးနေ့

## မင်းကိုနိုင် ဆိုသည်မှာ -----

မင်းကိုနိုင် ဆိုတဲ့ သူ့နာမည်ရဲ့ အဓိပ္ပါယ်က မင်းများကိုအောင်နိုင်သူ ။ အမည်ရင်းက ပေါ်ဦးထွန်း ။ ဖခင်က ဦးသက်ညွန့်(ပန်းချီဆရာကြီး) နဲ့ မိခင်က ဒေါ်လှကြည် ။မင်းကိုနိုင်က မွန်- မြန်မာလူမျိုး ။မွေးချင်း (၅) ယောက်ရှိတဲ့အထဲက တတိယသား ၊ ၁၉၆၂ ခုနှစ် အောက်တိုဘာလ (၁၀) ရက်နေ့ က ရန်ကုန်မြို့မှာ မွေးဖွားခဲ့။ သင်္ဃန်းကျွန်းမြို့နယ် အထက်တန်းကျောင်းမှာ တက်ခဲ့ပြီး၊ ၁၉၈၈ ခုနှစ်ကာလမှာ ရန်ကုန်တက္ကသိုလ် (ပင်မ) မှာ သတ္တဗေဒ ကျောင်းသားအဖြစ်ပညာသင်ကြားခဲ့။ ၁၉၈၈ ခုနှစ် ဩဂုတ်လ (၂၈) ရက်နေ့ မှာ ပြန်လည်ဖွဲ့စည်းခဲ့တဲ့ "ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်" တွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူ။၁၉၈၉ ခုနှစ် မတ်လ(၂၃) ရက်နေ့မှာ စစ်အစိုးရရဲ့ အဖမ်းဆီးခံရ၊ အနှစ်(၂၀) ထောင်ဒဏ်ကျ။၂၀၀၄ ခုနှစ် နိုဝင်ဘာလ (၁၉) ရက်နေ့ မှာ စစ်တွေ အကျဉ်းထောင်ကပြန်လွတ်။ထောင်ကလွတ်ပြီး

"၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့"

ခေါင်းဆောင် အဖြစ် ဒီမိုကရေစီအရေးအတွက် ဆက်လက်လှုပ်ရှား။၂၀၀၆ ခုနှစ် စက်တင်ဘာလမှာ ဒုတိယအကြိမ် ပြန်အဖမ်းခံရပြီး ၂၀၀၇ ဇန်နဝါရီလမှာ ပြန်လွတ်။ စစ်အာဏာပိုင်တို့က လောင်စာဆီဈေးမတရားမြှင့်လိုက်တာကြောင့် ၈၈ မျိုးဆက်ကျောင်းသားများနဲ့အတူ လမ်းလျှောက်ဆန္ဒပြခဲ့မှုနဲ့ ၂၀၀၇ ခုနှစ် ဩဂုတ်လ ၂၁ ရက်နေ့မှာ တတိယအကြိမ် ဖမ်းဆီးခံရပြန်။ အခု စစ်အုပ်စုရဲ့ ကျိုင်းတုံအကျဉ်းထောင်ထဲမှာ ထောင်ဒဏ် (၆၅) နှစ် ကျခံနေရ။ ဒီမိုကရေစီရေးအတွက် သက်စွန့်ကြိုးပမ်းအလုပ်တွေလုပ်ခဲ့တဲ့အတွက် ကိုမင်းကိုနိုင် ရခဲ့တဲ့ ဆုတွေက ------

(၁) The John Humphrey Freedom Award in 1999

(၂) The Student Peace Prize in 2001

(၃) The Homo Homini Award by People in Need Foundation in 2001

(၄) The Civil Courage Prize 2005

(၅) The Gwangju Human Rights Award of South Korea in April 2009

အခုထိ ကိုမင်းကိုနိုင်ဟာ အကျဉ်းထောင်ထဲမှာ နေရပေမယ့် စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်နေဆဲ၊ ဒီမိုကရေစီကို တောင်းဆိုနေဆဲပါ။



"ကျွန်တော်တို့မှာ ကျောင်းသားသမဂ္ဂမရှိဘူး။
အဲဒီတော့ ကျွန်တော်တို့ရဲ့လိုလားတောင့်တချက်များကို
တင်ပြတောင်းဆိုဖို့ အခွင့်အရေးမရှိဘူးပေါ့။"

မင်းကိုနိုင်
ဥက္ကဋ္ဌ
ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်

"ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်"
(နိုင်ငံခြားရေးရာကော်မတီ) မှထုတ်ဝေဖြန့်ချီသည်။